# Mobye People Defense Force

## “ပြည်သူလူထုသို့ အသိပေးတိုက်တွန်းခြင်း”

**ရက်စွဲ။ အောက်တိုဘာ (၁၈)ရက်၊ ၂၀၂၁ခုနှစ်။**

ချစ်ရတဲ့ မိုးဗြဲမြို့က ပြည်သူလူထုကြီးခင်ဗျာ... မိုးဗြဲနယ်၏ စစ်ရေးပဋိပက္ခများသည် အစိုးမရသော အခြေနေမှာ ရှိနေတာကြောင့် အစစအရာအရာ အသိနှင့်သတိ ယှဉ်တွဲပြီး နိုးနိုးကြားကြား နေထိုင်ကြဖို့ ထပ်မံ အသိပေးပါရစေ။ ယနေ့ မနက် (၁၀)နာရီ ဝန်းကျင်ခန့်တွင် မိုးဗြဲ လယ်တီဘုရားတောင်ဘက်သို့ စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်သည် တောင်ယာလုပ်နေသော အသက်(၄၀)ဝန်းကျင် အပြစ်မဲ့ **ပြည်သူ(ကျား) တစ်ဦး** ကို ဖမ်းဆီးပြီး လမ်းပြအဖြစ် ခေါ်ဆောင်သွားခဲ့ပါသည်။ ဖမ်းဆီးခံရသည့် ပြည်သူမှာ ယနေ့မှာပင် လွတ်မြောက်လာသည်ဟု ကြားသိရတဲ့အတွက် **MB PDF** မှ ဝမ်းမြောက်ရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် စစ်ရေးပဋိပက္ခ ရှုပ်ထွေးနေသည့် နေရာများရှိ တောင်ယာများသို့ အတတ်နိုင်ဆုံး မသွားကြဖို့ တိုက်တွန်းအပ်ပါသည်။ တောင်ယာသို့ မဖြစ်မနေသွားရမည်ဆိုပါက ပတ်ဝန်းကျင်၏ အခြေအနေကို စေ့စေ့စပ်စပ် စုံစမ်းထောက်လှမ်းဖို့လည်း အကြံပေးပါရစေ...။ မိမိရောက်နေသည့် တောင်ယာဝန်းကျင်သို့ အကြမ်းဖက်စစ်ကောင်စီတပ် ချဉ်းကပ်လာသည်ဟု သံသယရှိပါက ၎င်းနေရာမှ ချက်ချင်း ထွက်ခွာဖို့ ပြင်ဆင်ပါ။ အရေးပေါ်အခြေအနေမှာ အတတ်နိုင်ဆုံး စိတ်ကို တည်ငြိမ်အောင်ထားပြီး လုပ်သင့်လုပ်ထိုက်တာကို ဆက်လက်လုပ်ဆောင်ပါ။ အကြမ်းဖက်စစ်ကောင်စီတပ်သည် ပြည်သူကို ရန်သူသကဲ့သို့ သဘောထားပြီး အကြမ်းဖက်လုပ်ရပ်များ၊ အသက်အန္တရာယ်ကိုခြိမ်းခြောက်သည့်လုပ်ရပ်များ၊ လူ့ကျင့်ဝတ်ဂုဏ်သိက္ခာကို ထိပါးခြင်းများ စသကဲ့သို့ အကြမ်းဖက်သည့်အရာများ ပြုလုပ်တတ်ပါသဖြင့် ပြည်သူလူထုကြီးအနေဖြင့် အစစအရာရာ ဂရုတစိုက်နေထိုင်၊ သွားလာကြဖို့ အထူး တိုက်တွန်းအပ်ပါသည်။

**_ မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MB PDF**

**သတင်းနှင့် ပြန်ကြားရေး။**